# Palaung State Liberation Front
## ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး

PO Box. 368, Chiang Mai 50000, Thailand, Tel: 66 084 807 2900 E-mail: palaungpslf@gmail.com


### ၄၇ နှစ်မြောက် (ပလောင်) တအာင်း အမျိုးသားတော်လှန်ရေးနေ့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ပလောင် အမျိုးသားခေါင်းဆောင်ကြီးများက ပလောင်တမျိုးသားလုံးအာဏာရှင်ဖိနှိပ်မှုအောက်မှ လွတ်မြောက်ရန်အတွက် လက်နက်စွဲကိုင်ပြီး စစ်အာဏာရှင်ကို စတင်တွန်းလှန်တိုက်ခိုက်လာခဲ့ကြသည်မှာ ၄၇ နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။ အမျိုးသားရေး၊ လူမှုရေး၊ ဘာသာရေး အစစအရာရာ ဖိနှိပ်ခံနေရသည်ကို ခေါင်းငုံ့ခံမနေပဲ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး၊ တန်းတူညီမျှရေး၊ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး၊ လူ့အခွင့်အရေးနှင့်ဒီမိုကရေစီရရှိရေးအတွက် ပလောင်တမျိုးသားလုံးတို့ ရည်မှန်းချက်ပန်းတိုင်သို့မရောက်မချင်း တော်လှန်ရေးသစ္စာဖြင့် စည်းလုံးညီညွတ်စွာ ဆက်လက်တိုက်ပွဲဝင်ရန် နိူးဆော်တပ်လှန့်လိုက်သော ပလောင်အမျိုးသားတို့၏ နေ့ထူးနေမြတ်ဖြစ်ပါသည်။

၂။ ပလောင်အမျိုးသားတို့၏ အမျိုးသားတော်လှန်ရေးခရီး ၄၇ နှစ်တာ ကာလအတွင်း အသက်သွေးချွေး၊ အိုးအိမ်စည်းစိမ်များစွာကို ပေးဆပ်ရင်းနှီး လှူဒါန်းခဲ့ကြသော မျိုးချစ်ပလောင်ပြည်သူလူထုနှင့် ပလောင်အာဇာနည် ခေါင်းဆောင်များ၊ ရဲဘော်ရဲမေအား ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်ဦးမှ ဦးညွှတ်ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

၃။ ၂၀၁၀ ခုနှစ်သည် ပလောင်အမျိုးသားများအပါအဝင် လွတ်လပ်ရေးကိုမြတ်နိုးသော တိုင်းရင်းသားမြန်မာလူမျိုးတိုင်းအတွက် စိန်ခေါ်မှုကြီးမားသည့် နှစ်ဖြစ်ပြီး စစ်ကျွန်ဘဝမှလွတ်မြောက်ရန် စွန့်လွှတ်မှုပေါင်းများစွာ ပေးဆပ်စွန့်လွှတ်ကာ အာဏာရှင်ကို ပြတ်ပြတ်သားသား ဆန့်ကျင်တော်လှန်ရမည့် အချိန်ဖြစ်သည်။ အာဏာရှင်စစ်အုပ်စုကို ဖယ်ရှားတွန်းလှန်ရန် မိမိတို့အဆုံးစွန်အထိ ပေးဆပ်ကြရအုံးမည်ဖြစ်သည်။

၄။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသသည် အတုအယောင်သာဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲပြုလုပ်ပြီးလျှင် ပလောင်တမျိုးသားလုံး စစ်အုပ်စု၏စိုးမိုးချယ်လှယ်မှုကို ပိုမိုဆိုးရွားစွာခံစားကြရလိမ့်မည်ဖြစ်သည် ဟူသော ဒေသခံ ပလောင်မိဘပြည်သူ တို့၏ ဖွင့်ဆိုတင်ပြချက်သည် **စစ်ကျွန်ဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ၂၀၁၀ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား တိုက်ဖျက်ရန် မှတပါး အခြားမရှိပြီ** ဟူ၍ တော်လှန်ရေးအဟုန် တပ်လှန့်လိုက်ခြင်းပင်ဖြစ်သည်။ ပလောင်ပြည်သူလူထုတို့၏ ဆန္ဒအတိုင်း ၂၀၁၀ ရွေးကောက်ပွဲကို တိုက်ဖျက်ရန် ပလောင်ပြည်သူတရပ်လုံးနှင့်အတူ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)၊ ပလောင်အမျိုးသမီးများအစည်းအရုံး (PWO) နှင့် တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး (TSYO) တို့မှ နည်းလမ်း ပေါင်းစုံဖြင့် စည်းရုံးလှုံ့ဆော် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

၅။ မြန်မာပြည်တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး မျှော်လင့်တောင်းတနေကြသော ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ အမျိုးသား ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူညီမျှရေး၊ ငြိမ်းချမ်းသာယာသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို တိုင်းရင်းသားပြည်သူလူထုတရပ်လုံးနှင့်အတူ တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေးအင်အားစုများမှ လက်နက်ကိုင်တိုက်ပွဲ၊ လူထုတိုက်ပွဲ၊ သံတမန်ရေးတိုက်ပွဲဖြင့် ၂၀၁၀ နှစ်သစ်တွင် ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဟု မိမိတို့ ပလောင်တော်လှန်ရေးအင်အားစုတို့က အလေးအနက် တိုက်တွန်းအကြံပြုအပ်ပါသည်။

၆။ နိဂုံးချုပ်အနေဖြင့် ပလောင်အာဇာနည်ခေါင်းဆောင်များ ထမ်းဆောင်ခဲ့သည့် စစ်ရေး၊ နိုင်ငံရေးလမ်းစဉ် ဦးတည်ချက်များကို (PSLF) က ရည်မှန်းချက်ပန်းတိုင် မရောက်မချင်း နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ၄၇ (၄၇) နှစ်မြောက် တအာင်း (ပလောင်) အမျိုးသားတော်လှန်ရေး နှစ်ပတ်လည်နေ့တွင် အလေးအနက်ကတိပြုရင်း တပ်ဦး၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

**အာဏာရှင်စနစ် မုချကျဆုံးရမည်။**
**အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီ တော်လှန်ရေး မုချအောင်မြင်ရမည်။**

အလုပ်အမှုဆောင်ကော်မီတီ
ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (**PSLF**)
၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်။